**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

## ရိုက်တာ သတင်းဌာနမှ သတင်းသမား ၂ ဦး ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း မှ UN WGAD သို့ တိုင်ကြား

သတင်းထုတ်ပြန်ချက်
ရက်စွဲ။ ။ ဒီဇင်ဘာလ ၂၇ ရက်၊ ၂၀၁၇ ခုနှစ်

ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး ဖြစ်သူ ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့အား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖမ်းဆီးခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)မှ မတရားသဖြင့် ဖမ်းဆီးခြင်းခံရသည်ဟု ယူဆသဖြင့် လူတစ်ဦးချင်းစီအတွက် တိုင်ကြားနိုင်သော ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ လက်အောက်ရှိ မတရားသဖြင့်ဖမ်းဆီးထိမ်းသိမ်းခြင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့ (Working Group on Arbitrary Detention) ထံသို့ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တိုင်ကြားလိုက်ပါသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့ညတွင် ထောက်ကြန့်နယ်မြေ ရဲစခန်းမှ အရေးကြီးလုံခြုံရေး စာရွက်စာတမ်းများအား တရားမဝင် သတင်းရယူဆောင်ရွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ထိန်းသိမ်းထားကြောင်း သိရှိရပါသည်။

ဖမ်းဆီးထိမ်းသိမ်းခံ သတင်းသမား နှစ်ဦးသည် မည့်သည့်နေရာတွင် ဖမ်းဆီးထိမ်းသိမ်းခံထားရသည် ဆိုသည်ကိုပင် မိသားစုဝင်များ၊ ရှေ့နေများမှ ထိန်းသိမ်းခံရပြီးချိန်မှ ယနေ့အချိန်အထိတိုင် မသိရသေးသည်မှာ တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေသည့် အဖွဲ့အစည်း၏ လုပ်ရပ်အပေါ် မေးခွန်းထုတ်ဖွယ်ဖြစ်နေပါသည်။

ထိုသတင်းထောက် နှစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇[1] အရ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းအပိုဒ် (၁၉) အရလည်းကောင်း၊[2] နိုင်ငံသားနှင့်

[1] "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။"

[2] "လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင် ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာဖွင့်ဟ ဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင်၊ နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချိခွင့်တို့လည်း ပါဝင်သည်"

နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ်(၉)[3] အပိုဒ် (၁၄)[4] နှင့် (၂၆)[5] တို့အရလည်းကောင်း ဖမ်းဆီးထိမ်းသိမ်းခံ သတင်းသမား ၂ ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်များက ပြဌာန်းထားသော အခွင့်အရေးများကို ဆုံးရှုံးခဲ့ကြောင်း တွေ့ရှိရသည်။

ထို့အပြင် ၂၀၁၄ခုနှစ် မတ်လတွင် ပြဌာန်းထားသည့် သတင်းမီဒီယာဥပဒေပုဒ်မ ၂ (က)[6] အရ လွတ်လပ်စွာရှာယူဆည်းပူးနိုင်ခွင့်၊ (ရှာဖွေရယူခွင့်) လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချိခွင့်တို့ကိုလည်း ဆုံးရှုံးခဲ့ပါသည်။

ထိုသတင်းထောက် နှစ်ဦးသည် ဖမ်းဆီးချိန်တွင်လည်း ဝရမ်းပါ မပါ မသေချာသည် ဆိုသည့် အချက်ကလည်း မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ (၁၁) အရ ဖမ်းဆီးထိန်းသိမ်းမည်ဆိုလျှင် တရားသူကြီးထံမှ ဖမ်းဆီးထိန်းသိမ်းရန် ဝရမ်းရယူရန် လိုအပ်ပြီး၊ သတင်းသမားနှစ်ဦးမှာ သတင်းအချက်အလက်ရယူ၊ ပိုင်ဆိုင်ပြီး အချိန်တိုအတွင်း ဖမ်းဆီးထိန်းသိမ်းခံရသည့်အတွက် ၎င်းတို့အား ဥပဒေနှင့်အညီ ဖမ်းဆီးခြင်း ဖြစ်၊ မဖြစ်အပေါ် များစွာ သံသယဖြစ်ဖွယ် တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ အချက်အများအရ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း အနေဖြင့် ဖမ်းဆီးခံသတင်းသမား နှစ်ဦးသည် မတရားသဖြင့် ဖမ်းဆီးခြင်းခံရသည်ဟု ယူဆသဖြင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ လက်အောက်ရှိ မတရားသဖြင့်ဖမ်းဆီးထိမ်းသိမ်းခြင်းဆိုင်ရာ လူတစ်ဦးချင်းဆီ အတွက် တိုင်ကြားနိုင်သော Working Group on Arbitrary Detention ထံသို့ တိုင်ကြားလိုက်ခြင်း ဖြစ်ပါသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

ဆက်သွယ်ရန်- ကိုတိတ်နိုင် +(၆၆) ၈၁ ၂၈၇ ၈၇၅၁
ကိုဇော်မိုး + (၉၅) ၀၉ ၇၉၅၈၈၀၁၀၁၆

---

[3] လူသားတိုင်းတွင် လွတ်လပ်ခွင့်ရှိပြီး မိမိ၏လုံခြုံရေးကိုလည်း ခံစားပိုင်ခွင့်ရှိသည်။ မည်သူ့ကိုမျှ တစ်ဖက်သတ်အာဏာ သုံး၍ ဖမ်းဆီးခြင်းသော်လည်းကောင်း၊ တရားဥပဒေမဲ့ မတရားထိန်းသိမ်းခြင်းသော်လည်းကောင်း မပြုလုပ်ရ။ တည်ဆဲဥပဒေအရ ချမှတ်ထားသောနည်းဥပဒေအရ ဖမ်းဆီးထိန်းသိမ်းရန် လိုအပ်သောအခြေအနေမှတပါး ပုဂ္ဂိုလ်တစ်ဦး၏ လွတ်လပ်ခွင့်ကို မဆုံးရှုံး စေရ။

[4] "၁။ လူတိုင်းတရားရုံး သို့မဟုတ် ပြစ်မှုခုံရုံးများရှေ့မှောက်တွင် တန်းတူညီမျှမှုရှိသည်။

[5] "ဥပဒေရှေ့မှောက်တွင် လူသားတိုင်းတန်းတူညီမျှမှုရှိပြီး ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို တန်းတူခံယူပိုင်ခွင့်ရှိသည်။

[6] "သတင်းမီဒီယာဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်း အချက်အလက်၊ ရုပ်ပုံဒီဇိုင်းစသည့် အသွင်သဏ္ဌာန်များ အသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများကိုဆိုသည်။"